Myanmar (Burma)

**Terveyspalvelut Jyväskylässä**

**ယူဗက်စ်ကရူလာမြို့တွင်ရှိသောကျန်းမာရေးဌါနများ၏ဆောင်ရွက်မှုများ။**

ကျန်းမာရေးအတွက်ဆောင်ရွက်ပေးလျက်ရှိသောကျန်းမာရေးဌါနများမှာ၊ကက်စ်ကုစ်စိုင်းရာလန်တီရယ် ၂၀ (Keskussairaalant. 20) တွင်ရှိသောကရုလွန်ကျန်းမာရေးဌါန၊ တပ်ပီရိုန်ကာတူ ၇၊(Tapionk. 7) တွင်ရှိသော မြို့လယ်ခေါင်ရှိ ကျန်းမာရေးဌါန၊ စရိုတာရန်ကာတူ ၁၀ (Syöttäjänk. 10) တွင်ရှိသော ကဝေါ့(က်)ကာလာ ကျန်းမာရေးဌါန၊ နယ်ဗါကာတူ ၁ (Nevak. 1) တွင်ရှိ သောဟု(ဟ်)တာစုဝေါ ကျန်းမာရေးဌါန နှင့် ပါး(ရ်)ဗီ အိုင်အင်စယ် (န်)တီရယ် ၇ (Parviaisent. 7) တွင်ရှိသော စယ်ဥနာ(တ်)စာလိုကျန်းမာရေးဌါန တို့ဖြစ်သည်။ မိမိ တို့နေ ထိုင်သည့်ဒေသများရှိမိမိတို့နှင့်သက်ဆိုင်သည့်ဆရာဝန်နှင့်သူနာပြုဆရာမ၏နံမည် များကို လူ တိုင်း ကိုအသိပေးထားပြီးသားဖြစ်သည်။

အရေးတကြီးဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စများအတွက်အခြေအနေကိုခန့်မှန်းနိုင်ရန်နှင့်လမ်းညွှန်မှုရရှိနိုင်ရန် အတွက်၊ တနင်္လာနေ့မှကြာသပတေးနေ့များတွင် မနက် ၈ နာရီမှ ၉ နာရီ နှင့်သောကြာနေ့ များ တွင် မနက် ၉ နာရီမှ ၁၀ နာရီအတွင်း မိမိတို့နှင့်သက်ဆိုင်သည့်သူနာပြုဆရာမထံသို့ချက်ချင်းဖုံးဆက်နိုင်လျှင်အကောင်း ဆုံးဖြစ်သည်။ ၄င်းတို့၏ဖုံးနံပါတ်များကိုအင်တာနက်လိပ်စာ၊ www.jyvaskyla.fi/sote/terveys ထဲမှကြည့် နိုင် သည်။ အချိန်ကြိုတင်တောင်းရန်အတွက်ကိုလည်း၊ တနင်္လာနေ့မှကြာသပတေးနေ့များတွင် မနက် ၈ နာ ရီ မှညနေ ၄ နာရီ နှင့် သောကြာနေ့ များ တွင် မနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း၊ အကူသူနာပြု (သို့ မဟုတ်) သူနာပြုဆရာမများက လက် ခံဖြေကြားကြသည်။ နေ့စဉ် ညနေ ၄ နာရီနောက်ပိုင်းနှင့် စနေနှင့် တ နင်္ဂ နွေနေ့များတွင် ကရုလွန်ကျန်းမာရေးဌါန၊ နှင့် ည ၁၁ မှ နံနက် ၈နာရီအတွင်း ဖင်လန်နိုင်ငံအလယ်ပိုင်း၊ ဗဟို ဆေးရုံကြီးတွင်အချိန်ကြိုတင်၍တောင်းခံစရာမလိုပဲဆောင်ရွက်ပေးသည်။

၂၀၀၈ ခုနှစ်၊ အစပိုင်းမှစ၍ ကရုလွန် ကျန်းမာ ရေးဌါနမှနေ၍အဓိကထားဆောင်ရွက်ခဲ့သည့်အရေးပေါ် ရှေး ဦးသူနာပြု လုပ် ငန်းကိုရပ်ဆိုင်းလိုက်မည်ဖြစ်ပြီး ညနေ ၄နာရီနောက်ပိုင်းလုပ်ဆောင်ရန်ရှိသည်တို့ကိုဖင်လန် နိုင်ငံ အလယ် ပိုင်း၊ ဗဟို ဆေးရုံကြီးမှလုံးဝ ရွှေ့ ပြောင်းတာဝန်ယူလုပ်ကိုင်မည်ဖြစ်သည်။ ဒေသဆိုင်ရာကျန်း မာရေးဌါနများအနေနှင့်နေ့စဉ် တရားဝင်အလုပ် ချိန်များအတွင်း လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်သည်။

လူအများစု၏ခါတ်ခွဲခန်းနှင့်ပတ်သက်သည့်စမ်းသပ်စစ်ဆေးမှုများကိုအချိန်ကြိုတင်ယူပြီးသွားရသည့်ဥလီရိုပ (စ်)စတို(န်)ကာတူ ၃၈၊ တတိယထပ် (Yliopistonk. 38, 3.krs)တွင်ရှိသောဗဟိုခါတ်ခွဲခန်းတွင်ပြုလုပ်ပေးမည်။

ခါတ်မှန်ရိုက်ခြင်းကိုကရုလွန် ကျန်းမာ ရေးဌါနတွင်ပြုလုပ်ပေးမည်။

အရွယ်ရောက်ပြီးသူများ၏စိတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သည်တို့ကိုကျန်းမာရေးဌါနများ၊ခရီးစီကက်(စ်)ကု(စ်)၊ မော်ဗီလီ (Kriisikeskus Mobile) နှင့်အရွယ်ရောက်ပြီးသူများ၏စိတ်ပိုင်းဆိုင်ရာကုသသောပြင်ပလူနာဌါန များမှကုသပေးကြသည်။ စိတ်ပိုင်းဆိုင်ရာရောဂါနှင့်ပတ်သက်၍အထောက်အကူပြုသည့်ဌါနများမှာ၊ မိသားစု များ အတွက်နည်းပေးလမ်းပြပြုသည့်ဌါန များ (Perheneuvola) ၊မူးရစ်ဆေးဝါးဖြတ်ရန်အကူအညီ ပေးသည့် ပြင်ပဌါနများ (A-poliklinikka) နှင့် မိသားစုကိစ္စများနှင့်ပတ်သက်ပြီးဆွေးနွေးအကြံပြုသည့်ဗဟို ဌါန (Perheasiainneuvottelukeskus)များဖြစ်သည်။ဆေးရုံနှင့်ပတ်သက်သောဆောင်ကြဉ်းပေးမှုကိုဝယ် ယူရန် လိုအပ်ပါက၊ကန်းဂတ်(စ်)ဗေါ်ရီဆေးရုံ (Kangasvuoren sairaala) မှဝယ်ယူသည်။ ထိုနေရာသို့သွားရောက်

ကုသခြင်းခံရန်အတွက်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဌါနရုံးမှအထူးကုဆရာဝန်၏စာကိုလိုအပ်သည်။

မိခင်နှင့်ကလေးများကိုစောင့်ရှောက်အကြံပေးသည့်ဌါနများကိုဆက်သွယ်ရန်နှင့်၄င်းတို့နှင့်ပတ်သက်သည့်အကြောင်းအရာများကိုအင်တာနက်ထဲမှလိပ်စာ www.jyvaskyla.fi/sote/terveys/neuvolat မှာတွေ့ရှိနိုင်သည်။

## Terveysasemien puhelinnumerot
## ကျန်းမာရေးဌါနများ၏ဖုံးနံပါတ်များ။

နေထိုင်သည့်ဒေသရှိမိမိတို့နှင့်သက်ဆိုင်သောသူနာပြုဆရာမများ၏ဖုံးနံပါတ်များ ၊
www.jyvaskyla.fi/sote/terveys

Ajanvaraukset puhelimitse kaikille terveysasemille
ကျန်းမာရေးဌါနအားလုံးသို့ဖုံးဖြင့်အချိန်ကြိုတင်ယူရန်
တနင်္လာနေ့မှကြာသပတေးနေ့များတွင် မနက် ၈ နာရီမှ ညနေ ၄ နာရီ နှင့်
သောကြာနေ့ များ တွင် မနက် ၉ နာရီမှ ညနေ ၄ နာရီ

## Terveysasemat
## ကျန်းမာရေးဌါနများ။

| | |
|---|---|
| မြို့လယ်ခေါင်ရှိ ကျန်းမာရေးဌါန | ဖုံး၊ ၆၂၆ ၂၂၇ |
| ကရုလွန် | ဖုံး၊ ၆၂၆ ၁၉၉ |
| စယ်ဥနာ(တ်)စာလို | ဖုံး၊ ၆၂၃ ၈၄၆ |
| ကဝေါ့(က်)ကာလာ | ဖုံး၊ ၆၂၆ ၃၁၇ |
| ဟု(ဟ်)တာစူဝေါ | ဖုံး၊ ၆၂၆ ၂၉၉ |

## Hammashoitolat
## သွားစောင့်ရှောက်ရေးဆိုင်ရာဌါနများ။

| | |
|---|---|
| ဟန်နိကိုင်စယ်(န်)ကာတူ (Hannikaisenk.) | ဖုံး၊ ၆၂၆ ၁၀၀ |
| ဟုဟ်တာစူဝေါ (Huhtasuon) | ဖုံး၊ ၆၂၆ ၀၇၂ |
| ကဲ(လ်)ယွန်ကန်းဂတ်(စ်) (Keljonkangas) | ဖုံး၊ ၆၂၆ ၀၇၈ |
| မြို့လယ်ခေါင် (Keskusta) | ဖုံး၊ ၆၂၆ ၀၈၁ |
| ကဝေါ့က်ကာလာ(Kuokkala) | ဖုံး၊ ၆၂၆ ၁၁၁ |
| ကရုလွန်(Kyllö) | ဖုံး၊ ၆၂၆ ၀၈၈ |
| စယ်ဥနာတ်စာလို(Säynätsalo) | ဖုံး၊ ၆၂၃ ၉၀၂ |

သတင်းစတင်သည့်နေရာ၊ ၂၀၀၇ခုနှစ်တွင်ထွက်သည့် 'ယူဗက်(စ်)ကရုလာမြို့ကကြိုဆိုပါသည်' စာစောင်
တည်းဖြတ်သူများ၏ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။